စာအမှတ် ၄၃၉၄
ရက်စွဲ ၇.၂.၂၅
အချိန်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စွမ်းအင်ဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၀၁၆ /၂၀၂၅**

**၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)**

စွမ်းအင်ဝန်ကြီးဌာနသည် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းတို့ကို စနစ်တကျစီမံခန့်ခွဲရန်အလို့ငှာ THE OILFIELDS ACT, 1918 ပုဒ်မ ၁၄ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးလုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသောစကားရပ်များသည် THE OILFIELDS ACT, 1918 နှင့် RULES UNDER THE MYANMAR OIL – FIELDS ACT, 1918 တို့တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ရန်ပုံငွေ** ဆိုသည်မှာ ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာ ကုန်ကျစရိတ်များကို အနာဂတ်ကာလတွင် ပေးချေနိုင်ရန် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) တို့က ပူးတွဲစီမံခန့်ခွဲသော ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာရန်ပုံငွေကို ဆိုသည်။

(ဂ) **ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်း (Decommissioning)** ဆိုသည်မှာ စီမံကိန်း သက်တမ်းကုန်ဆုံးချိန် သို့မဟုတ် စာချုပ်ပါ ခွင့်ပြုသက်တမ်းကုန်ဆုံးချိန်တွင် စီမံကိန်းဧရိယာအတွင်း ရေနံလုပ်ငန်းဆောင်ရွက်ရာ၌ အသုံးပြုထားသော အဆောက်အဦများ၊ တည်ဆောက်တပ်ဆင်ထားသော စက်ကိရိယာနှင့် အခြား ပစ္စည်းများ၊ ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ဖယ်ရှားခြင်း၊ ပိတ်သိမ်းခြင်းတို့ ဆောင်ရွက်ခြင်းကိုဆိုသည်။

(ဃ) **ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ ထိန်းသိမ်းကြီးကြပ်ဆောင်ရွက်ရန် ဤလုပ်ထုံးလုပ်နည်းများအရ ဝန်ကြီးဌာန က ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(င) **ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ သို့မဟုတ် အထူးကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ သို့မဟုတ် The Partnership Act, 1932 အရ ဆောင်ရွက်သည့် အစုစပ်လုပ်ငန်း သို့မဟုတ် သမဝါယမအသင်း ဥပဒေအရ မှတ်ပုံတင်ထားသည့်အသင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထူးအားဖြင့် ကမ်းလွန်စီမံကိန်းများ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသုံးစွဲရန်အလို့ငှာ တူးဖော်တည်ဆောက်ထားသော ရေနံတွင်း များ၊ ထုတ်လုပ်ရေးပစ္စည်းကိရိယာများ၊ စင်များ၊ အဆောက်အဦများနှင့် ပိုက်လိုင်းများ စသည် တို့ကို လုပ်ငန်းမစတင်မီက တည်ရှိခဲ့သော မြေပြင်၊ ရေပြင်၊ ပင်လယ်ကြမ်းပြင် အခြေအနေအတိုင်း စီမံကိန်းလုပ်ငန်းများ ပြီးစီးပိတ်သိမ်းသည့်အခါ လုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကသော်လည်းကောင်း၊ ယင်းကို အကြောင်း

အမျိုးမျိုးဖြင့် ဆက်ခံသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကသော်လည်းကောင်း မြန်မာနိုင်ငံ၏ ရေမြေသဘာဝပတ်ဝန်းကျင်များကို ထိခိုက်ပျက်စီးခြင်းမရှိစေရန် နိုင်ငံတကာရေနံလုပ်ငန်းဆိုင်ရာ ကျင့်ထုံးများနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝဖြင့် နိုင်ငံတွင်းပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဖျက်သိမ်းခြင်း၊ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ထူထောင်ထားရှိသောရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ ထုတ်ယူသုံးစွဲခြင်းစသည့် ငွေကြေးစီမံမှုများကို စနစ်တကျစီမံခန့်ခွဲနိုင်စေရန် ရည်ရွယ်ပါသည်။

## အခန်း (၃)

## ရန်ပုံငွေလျာထားစုဆောင်းခြင်း

၄။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) သည် ရေနံဖွံ့ဖြိုးရေးအစီအစဉ် (Field Development Plan) ကို ဝန်ကြီးဌာနသို့ တင်ပြရာတွင် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းအစီအစဉ်နှင့် ယင်းအစီအစဉ်အရ ဆောင်ရွက်ရာတွင် ကုန်ကျမည့် ခန့်မှန်းကုန်ကျစရိတ်ကို ပူးတွဲ၍ တင်ပြရမည်။

၅။ ဝန်ကြီးဌာနသည် ရေနံဖွံ့ဖြိုးရေးအစီအစဉ် (Field Development Plan)ပါ ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်း ကုန်ကျစရိတ်အတွက် ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) က ရန်ပုံငွေ စတင်စုဆောင်းရမည့်အချိန်ကို ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်ပမာဏနှင့် စီမံကိန်းသက်တမ်းပေါ်မူတည်၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်-

(က) အတည်ပြု ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်ပမာဏ ၅၀% ထုတ်လုပ်ပြီးချိန်မှ စတင်၍ ရန်ပုံငွေ စုဆောင်းရန်၊

(ခ) ရေနံနှင့်သဘာဝဓာတ်ငွေ့ စီးပွားဖြစ်စတင်ထုတ်လုပ်သည့် နေ့ရက်မှစတင်၍ ရန်ပုံငွေ စုဆောင်းရန်၊

(ဂ) ရေနံလုပ်ကွက်စွန့်လွှတ်ရန် အကြောင်းကြားတင်ပြချိန်တွင် ရန်ပုံငွေ စတင်စုဆောင်းရန်၊

(ဃ) စီမံကိန်းသက်တမ်းမကုန်ဆုံးမီ ပြက္ခဒိန်နှစ် (Calendar Year) ငါးနှစ်အလိုတွင် ရန်ပုံငွေစတင်စုဆောင်းရန်။

၆။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) သည် ရန်ပုံငွေကို စတင်စုဆောင်းရမည့်အချိန်မှစ၍ နှစ်စဉ်ထည့်ဝင်စုဆောင်းရမည်။ ယင်းသို့ ထည့်ဝင်စုဆောင်းခြင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်း အထောက်အထားများကို ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။

၇။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator)သည် ရန်ပုံငွေ အသုံးပြုဆောင်ရွက်ရမည့်အချိန်နှင့် ခန့်မှန်းငွေကြေးပမာဏကို နှစ်အလိုက်ရေးဆွဲ တင်ပြသော လုပ်ငန်းအစီအစဉ်နှင့်ဘဏ္ဍာရေးလျာထားချက် (Work Program and Budget) တွင် ထည့်သွင်း၍ ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။

၈။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator)သည် ရန်ပုံငွေထည့်ဝင်ရာတွင် အစုရှယ်ယာဝင်များ၏ သဘောတူညီချက်ဖြင့် ဤလုပ်ထုံးလုပ်နည်းများပါ အပိုဒ် ၁၁ အရ ဖွင့်လှစ်သောယာယီထိန်းသိမ်းထားသည့် ငွေစာရင်း သို့မဟုတ် အခြားစာရင်းရှင်စာရင်း (Other Account – OA) သို့ ငွေသားစီးဆင်းမှုအခြေခံစနစ်ဖြင့် ထည့်ဝင်ရမည်။

၉။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) သည် ရန်ပုံငွေထည့်ဝင်ရာတွင် မြန်မာကျပ်ငွေ သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လက်ခံနိုင်သော ငွေကြေးအမျိုးအစား (Currency) တစ်ခုခုဖြင့် ထည့်ဝင်ရမည်။

၁၀။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) သည် အဏ္ဏဝါပတ်ဝန်းကျင် အပါအဝင်သက်ဆိုင်ရာ စီမံကိန်းပတ်ဝန်းကျင်များ၌ ညစ်ညမ်းမှုမဖြစ်စေရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်း

သိမ်းရေးဝန်ကြီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ရန်ပုံငွေကို သီးခြား ထားရှိဆောင်ရွက်ရမည်။ ဤရန်ပုံငွေမှ ကျခံသုံးစွဲခြင်းမပြုရ။

## အခန်း (၄)

## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်သုံးစွဲခြင်း

၁၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) တို့သည် ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် ရန်ပုံငွေကို ဖွင့်လှစ်ရာတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်မည်ဆိုပါက တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် နိုင်ငံပိုင် ဘဏ်တစ်ခုခုတွင် ယာယီထိန်းသိမ်းထားသည့် ငွေစာရင်း ဖွင့်လှစ်ရမည်။ မြန်မာကျပ်ငွေစာရင်းဖွင့်လှစ်မည်ဆိုပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ မြန်မာ့စီးပွားရေးဘဏ်တွင် အခြားစာရင်းရှင်စာရင်း (Other Account - OA) ဖွင့်လှစ်ရမည်။

၁၂။ ရန်ပုံငွေစုဆောင်းခြင်းမှ တိုးပွားလာသည့်ငွေရပ်ကို ရန်ပုံငွေအဖြစ်ထားရှိရမည်။

၁၃။ ရန်ပုံငွေထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတကာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများ ဖြစ်သော ဘဏ္ဍာရေးစာရင်းစံသတ်မှတ်ချက် (Financial Accounting Standard - US (FAS) 143)၊ နိုင်ငံတကာစာရင်းစံသတ်မှတ်ချက် (International Accounting Standard-(IAS) 37 )၊ ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာ တာဝန်များအတွက် စာရင်းထားနည်း ( Accounting for assets retirement obligations) တို့ကို ကိုးကားဆောင်ရွက်နိုင်သည်။ သို့ရာတွင် ၂၀၂၃ ခုနှစ် နောက်ပိုင်း စာချုပ်ချုပ်ဆိုဆောင်ရွက်မည့် ရေနံလုပ်ကွက်များအတွက် ချုပ်ဆိုထားသည့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် သို့မဟုတ် ရေနံတိုးမြှင့်ထုတ်ယူရေး သဘောတူညီချက် စာချုပ်တို့ပါ ငွေစာရင်းလုပ်ထုံးလုပ်နည်း ဖော်ပြချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) သည် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်း လုပ်ငန်းများပြီးဆုံး၍ လုပ်ငန်းပိတ်သိမ်းသည့်အခါ ရန်ပုံငွေစုဆောင်းထားရှိမှုပေါ်မူတည်၍

ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းအစီအစဉ် (Decommissioning Plan)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရန်ပုံငွေကို ထုတ်ယူသုံးစွဲရမည်။

၁၅။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) သည် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆောင်ရွက်ရာတွင် မူလပတ်ဝန်းကျင်အခြေအနေသို့ အနီးစပ်ဆုံးပြန်လည်ရောက်ရှိစေရန်၊ လူမှုစီးပွားမထိခိုက်စေဘဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်စေရန်နှင့် ကောင်းမွန်လုံခြုံမှုရှိစေရန် ဆောင်ရွက်ရမည်။

## အခန်း (၅)

## ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၆။ ဝန်ကြီးဌာနသည် ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ဥပဒေစိစစ်ရေးနှင့်ထုတ်လုပ်မှုစီမံခန့်ခွဲရေးဌာနခွဲ<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့်စီးပွားရေးရာစီမံခန့်ခွဲရေးဌာနခွဲ<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>စီမံရေးဌာန<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(ဇ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(ဋ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ဘဏ္ဍာရေးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

၁၇။ ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ရန်ပုံငွေကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်သာ ဤလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူသုံးစွဲစေခြင်း၊

(ခ) ထည့်ဝင်ရန်ရှိသော ရန်ပုံငွေများ ထည့်ဝင်ပြီးဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ထည့်ဝင်ရမည့်အချိန်၊ ပမာဏအတိုင်း ထည့်ဝင်မှုမရှိပါက နောက်ကျဒဏ်ကြေး (Late Payment Penalty) အဖြစ် လစဉ်အတိုး နှစ် ရာခိုင်နှုန်းဖြင့် တိုးရင်းပေါင်း ကောက်ခံပြီး ရန်ပုံငွေသို့ ထည့်သွင်းစေခြင်း၊

(ဂ) သုံးစွဲပြီးအသုံးစရိတ်များကို ပူးတွဲပါဇယား-၁ နှင့်အညီ ပြုစုပြီး ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ထံသို့ လစဉ်အစီရင်ခံတင်ပြခြင်း၊

(ဃ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးသော အသုံးစရိတ်များဖြင့် ရေနံလုပ်ငန်း ဖျက်သိမ်းခြင်း (Decommissioning) လုပ်ငန်းများဆောင်ရွက်နေစဉ် အခြေအနေ အရပ်ရပ်ကြောင့် လုံလောက်မှုမရှိ၍ ထပ်တိုးတောင်းခံလာပါက စိစစ်၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲစေခြင်း၊

(င) ထုတ်ယူပြီးငွေမှ ပိုလျှံငွေပေါ်ပေါက်လာပါက ပေါ်ပေါက်ချိန်တွင် စာရင်း ရှင်းလင်းချက်များနှင့်အတူ ရန်ပုံငွေစာရင်းသို့ ပြန်လည်ပေးသွင်းစေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးမပြုသည့်အသုံးစရိတ်များကို သက်ဆိုင်ရာ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက စာရင်းပြုစုတင်ပြစေရေး ကြီးကြပ် ဆောင်ရွက်ခြင်း၊

(ဆ) ရန်ပုံငွေထည့်ဝင်မှုနှင့် ထုတ်ယူသုံးစွဲမည့်ငွေများ ညီညွတ်မှုတမှုရှိစေရန် လိုအပ်သည့် စိစစ်မှုများပြုလုပ်၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဇ) ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ သက်ဆိုင်သူများအား ဖိတ်ကြား၍ ရန်ပုံငွေမှ ရယူဆောင်ရွက်ခဲ့သော လုပ်ငန်းပြီးစီးမှုနှင့် လက်ကျန်အခြေအနေများကို သိရှိနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဈ) ငွေကြေးဆိုင်ရာခွင့်ပြုချက်များ၊ စာရင်းဇယားများ၊ မှတ်တမ်းများကို အခန်း (၆) ပါ သတ်မှတ်ချက်နှင့်အညီ နှစ်စဉ်စာရင်းစစ်ဆေးမှုခံယူနိုင်ရေး စီမံ ဆောင်ရွက်ခြင်း၊

(ည) နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုနှင့်စပ်လျဉ်း၍ နှစ်ဖက်သွင်း စာရင်းထားနည်းစနစ်ဖြင့် လယ်ဂျာစာရင်းများ ပြုစုထိန်းသိမ်းခြင်းနှင့် နှစ်ချုပ်စာရင်းရေးဆွဲခြင်းကို ပူးတွဲပါ ဇယား-၂ နှင့်အညီ ပြုစုပြီး ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့သို့ နှစ်စဉ် အစီရင်ခံတင်ပြခြင်း။

## အခန်း (၆)

## လုပ်ငန်းနှင့်စာရင်းစစ်ဆေးမှုခံယူခြင်း

၁၈။ ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီသည် ရန်ပုံငွေဖြင့် သုံးစွဲဆောင်ရွက်သည့် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာ ရေနံလုပ်ငန်းဆိုင်ရာ ကျင့်စဉ်များနှင့်အညီ ပြင်ပစာရင်းစစ်၏ စာရင်းစစ်ဆေးမှုခံယူနိုင်ရန် စီမံဆောင်ရွက်ရမည် သို့မဟုတ် ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးဦးဆောင်သော အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းထားသည့် ဌာနတွင်းစာရင်းစစ်အဖွဲ့မှ ရန်ပုံငွေရရှိမှု၊ သုံးစွဲမှု၊ ငွေလက်ကျန် အခြေအနေများနှင့်စပ်လျဉ်း၍ သုံးလတစ်ကြိမ်စာရင်းစစ်ဆေးပြီးနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သတ်မှတ်ထားသော စည်းကမ်း၊ နည်းလမ်းများနှင့်အညီ စာရင်းစစ်ဆေးမှုကို ခံယူနိုင်ရန် စီမံဆောင်ရွက်ရမည်။

၁၉။ ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီသည် စာရင်းစစ်အစီရင်ခံစာများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့ထံသို့ ပေးပို့တင်ပြပြီး ရေနံလုပ်ငန်းဆောင်ရွက်သူ (operator) သို့ မိတ္တူပေးပို့ရမည်။

## အခန်း (၇)

## အထွေထွေ

၂၀။ စုဆောင်းထားရှိသော ရန်ပုံငွေသည် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်း ကုန်ကျစရိတ်အတွက် လုံလောက်မှုမရှိခဲ့ပါက ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) မှ ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာ ကုန်ကျစရိတ်အားလုံးကို ကျခံရမည်။

၂၁။ ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်း ကုန်ကျစရိတ်ကျခံပြီးနောက် ပိုလျှံရန်ပုံငွေ ဖြစ်ပေါ်ပါက အဆိုပါပိုလျှံရန်ပုံငွေကို ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) က အမြတ်ဝေစုခွဲဝေခြင်း (Profit Oil / Gas) တွင် ပြန်လည်ထည့်သွင်းတွက်ချက်ရမည်။

၂၂။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) သည် ရေနံလုပ်ငန်းဖြုတ်သိမ်းပြီးပါက လုပ်ငန်းဆောင်ရွက်မှုပြီးစီးကြောင်း အစီရင်ခံစာကို ရန်ပုံငွေထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှတစ်ဆင့် ဝန်ကြီးဌာနသို့တင်ပြပြီး ရန်ပုံငွေစာရင်းပိတ်သိမ်းခြင်းကို ဆောင်ရွက်ရမည်။

၂၃။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) သည် စီမံကိန်းသက်တမ်းကုန်ဆုံးသော်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသုံးပစ္စည်းအချို့ကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖြုတ်သိမ်းခြင်းမပြုဘဲ ထားရှိမည်ဆိုပါက အဆိုပါဖြုတ်သိမ်းခြင်းမပြုသည့် ပစ္စည်းအချို့နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ လွှဲပြောင်းပေးရမည်။

၂၄။ ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator) သည် ရေနံလုပ်ငန်းဖြုတ်သိမ်းခြင်းဆိုင်ရာ ရန်ပုံငွေကို ဝင်ငွေခွန်အလို့ငှာ ဝင်ငွေအဖြစ် သတ်မှတ်ခြင်း၊ စရိတ်နုတ်ပယ်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဝင်ငွေခွန်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၅။ ရန်ပုံငွေကို ဤလုပ်ထုံးလုပ်နည်းများပါ ရည်ရွယ်ချက်နှင့် သက်ဆိုင်ခြင်းမရှိသော လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် သုံးစွဲခြင်းမပြုရ။

(ပုံ)

ကိုကိုလွင်

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ MOE-၄/၂ (Noti)/ (၀၅၂၆) ၂၀၂၅

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၄ ရက်